ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ



# (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ







## ရတနာပြပွဲဆိုင်ရာစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ
(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ
နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျောက်မျက်အတွဲများ ရောင်းချမည့်အစီအစဉ် | ၁ |
| ၂။ | ကျောက်စိမ်းအတွဲများ ရောင်းချမည့်အစီအစဉ် | ၂ |
| ၃။ | ရတနာကုန်သည်များ အာမခံစပေါ်ငွေပေးသွင်းခြင်း၊ ကျောက်အတွဲများဝယ်ယူခြင်း၊ အာမခံစပေါ်ငွေသုံးစွဲခြင်း နှင့် ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များ | ၃ |
| ၄။ | အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း စည်းကမ်းသတ်မှတ်ချက်များ | ၇ |
| ၅။ | ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်များ | ၁၁ |
| ၆။ | ပြည်တွင်းရတနာကုန်သည်များ အာမခံစပေါ်ငွေပေးသွင်းခြင်းနှင့် ကျောက်အတွဲများဝယ်ယူခြင်း | ၁၃ |
| ၇။ | ပြည်တွင်းရတနာကုန်သည်များ အာမခံစပေါ်ငွေ ပြန်လည်ထုတ်ယူခြင်း | ၁၃ |
| ၈။ | ပြည်တွင်းရတနာကုန်သည်များ ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက် | ၁၄ |
| ၉။ | နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များလိုက်နာ ဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များ | ၁၄ |

ပြပွဲတက်ရောက်ခွင့်၊ ဝယ်ယူခွင့်၊ တင်ပြရောင်းချခွင့် ပိတ်ပင်ခြင်းအပါအဝင် သတ်မှတ်စည်းကမ်းများနှင့်အညီ ပြပွဲဗဟိုကော်မတီက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## ၂၀၁၇ ခုနှစ်၊ (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်

**ကျောက်မျက်အတွဲများရောင်းချခြင်း**

| | | |
|---|---|---|
| ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂)ရက် (ဗုဒ္ဓဟူးနေ့) မှ ဩဂုတ်လ (၄)ရက် (သောကြာနေ့)ထိ | **(၀၇း၃၀)မှ(၁၇း၃၀)နာရီ** | ရတနာကုန်သည်များ ကျောက်မျက် အတွဲများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်မျက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာ (BIDDING FORM) များကို တင်ဒါပုံးများတွင် ထည့်သွင်းခြင်း။ |
| ဩဂုတ်လ(၅)ရက် (စနေနေ့) | **(၀၉း၃၀)မှ(၁၇း၃၀)နာရီ** | အခြေခံဈေး ယူရို(၅၀၀)နှင့် အထက် သတ်မှတ်သည့် ကျောက်မျက် အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း။ |

## ကျောက်စိမ်းအတွဲများရောင်းချခြင်း

| | | |
|---|---|---|
| ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂)ရက် (ဗုဒ္ဓဟူးနေ့) မှ ဩဂုတ်လ (၅)ရက် (စနေနေ့)ထိ | **(၀၇း၃၀)မှ(၁၇း၃၀)နာရီ** | ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာ (BIDDING FORM) များကို တင်ဒါပုံးများတွင် ထည့်သွင်းခြင်း။ |
| ဩဂုတ်လ (၆)ရက် (တနင်္ဂနွေနေ့) မှ ဩဂုတ်လ (၁၁)ရက် (သောကြာနေ့)ထိ | **(၀၈း၀၀)မှ(၁၇း၃၀)နာရီ** | အခြေခံဈေး ယူရိုငွေ (၄၀၀၀)နှင့်အထက် သတ်မှတ်သည့် ကျောက်စိမ်းအတွဲများ၊ အခြေခံဈေး ယူရိုငွေ(၁၀၀၀)နှင့်အထက် သတ်မှတ်သည့် အချောထည် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း။ |



(ဆ) ဝယ်ယူခွင့်ရရှိသည့် ကျောက်အတွဲများအတွက် တန်ဖိုးငွေများပေးချေရာတွင် ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဇ) ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ ဝယ်ယူခြင်းနှင့်ပတ်သက်၍ သဘာပတိအဖွဲ့နှင့် ရတနာပြပွဲဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များကို လက်ခံလိုက်နာဆောင်ရွက်ရမည်။

(ဈ) ရတနာပြပွဲသို့ ပြင်ပမှကျောက်မျက်ရတနာများကို လုံး၀(လုံး၀) ယူဆောင်လာခြင်း ခွင့်မပြုပါ။

၆၀။ ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်အရ ကျောက်အတွဲများဝယ်ယူခဲ့ပြီး ငွေပေးချေရန် ခွင့်ပြုသတ်မှတ်ပေးထားသည့် **ရက်ပေါင်း(၆၀)ပြည့်သည်အထိ** ငွေအကြေပေးချေခြင်း မရှိလျှင် အာမခံစပေါ်ငွေ (၅)ရာခိုင်နှုန်းကိုသိမ်းယူပြီး ရတနာပြပွဲတက်ရောက်ခွင့်(၃)ကြိမ် ပိတ်ပင်မည်။

၆၁။ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများ ပြန်လည်ထုတ်ယူခြင်းနှင့်ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် အာမခံစပေါ်ငွေသုံးစွဲခြင်းနှင့် ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးမည်။

၆၂။ တန်ဖိုးငွေပေးချေပြီး ကျောက်အတွဲများကို **ရက်ပေါင်း(၃၀)**အတွင်း အပြီးအပြတ် ထုတ်ယူနိုင်ရေး ဆောင်ရွက်ရမည်။

၆၃။ တန်ဖိုးငွေ အပြည့်အဝပေးချေပြီးသော ကျောက်အတွဲများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီက ကျောက်အတွဲထိန်းသိမ်းထားရှိသည့်နေရာမှ ဝယ်ယူသူကိုယ်တိုင် သို့မဟုတ် ဝယ်ယူသူ က တရားဝင် ကိုယ်စားလှယ်လွှဲအပ်ထားသူထံသို့ လွှဲပြောင်းပေးသည့်စနစ်ဖြင့် ထုတ်ပေးပါမည်။ တရားဝင် ကိုယ်စားလှယ်လွှဲအပ်ထားကြောင်း ဝယ်ယူသူကိုယ်တိုင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီသို့ လာရောက်အတည်ပြု လက်မှတ်ရေးထိုးရပါမည်။

၆၄။ ကျောက်အတွဲဝယ်ယူသူ သို့မဟုတ် တင်ပြရောင်းချသူ နိုင်ငံသားရတနာကုန်သည်များသည် ပြပွဲဗဟိုကော်မတီ၏ သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက

ပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဝင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များကို တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး သတ်မှတ်အာမခံစပေါ်ငွေ ပေးသွင်းထားသူများကိုသာ ဝယ်ယူခွင့်ပြုမည်။

(ခ) ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူကြမည့် နိုင်ငံသား ရတနာကုန်သည်များသည် အာမခံစပေါ်ငွေနှင့် ကျောက်တန်ဖိုးငွေများ ပေးသွင်းနိုင်ရန် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB)တွင်ဖြစ်စေ၊ မြန်မာ့စီးပွားရေးဘဏ် (MEB)တွင်ဖြစ်စေ **မြန်မာကျပ်ငွေစာရင်း** ဖွင့်လှစ်ဆောင်ရွက်နိုင်ပါသည်။

(ဂ) ပြပွဲတက်ရောက်ရန် ဝင်ကြေးငွေများကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ဖွင့်လှစ်ထားရှိသည့် ဘဏ်စာရင်းအမှတ်သို့ ကြိုတင်ပေးသွင်းရမည်။

(ဃ) သတ်မှတ်ထားသည့် အာမခံစပေါ်ငွေပေးသွင်းပြီးမှသာ ကျောက်အတွဲများ ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး အာမခံစပေါ်ငွေ ပေးသွင်းခြင်းနှင့်ပတ်သက်၍ ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် အာမခံစပေါ်ငွေပေးသွင်းခြင်း စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(င) ကျောက်အတွဲများဝယ်ယူရာတွင် ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချခြင်း စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(စ) ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ဝယ်ယူခွင့်ရရှိသော ရတနာကုန်သည်များသည် အရောင်းအဝယ်စာချုပ် (Sale Agreement) တွင် မပျက်မကွက် လက်မှတ်ရေးထိုးကြရမည်။ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးခြင်း မပြုခဲ့ပါက ဝယ်ယူခွင့်ရရှိသူက အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပြီးသကဲ့သို့ သတ်မှတ်မည်။ အရောင်းအဝယ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။



# ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၅၄)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ အာမခံစပေါ်ငွေပေးသွင်းခြင်း၊ ကျောက်အတွဲများဝယ်ယူခြင်း၊ အာမခံစပေါ်ငွေသုံးစွဲခြင်းနှင့်ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များ

## ရတနာကုန်သည်များ အာမခံစပေါ်ငွေပေးသွင်းခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ(၅၄)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူမည့် ရတနာကုန်သည်များသည် ဝယ်ယူလိုသည့် ကျောက်အတွဲအမျိုးအစားအလိုက် အာမခံစပေါ်ငွေများကို ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

၂။ ကျောက်အတွဲ အမျိုးအစားအလိုက် အနည်းဆုံးပေးသွင်းရမည့် အာမခံစပေါ်ငွေနှုန်းထားနှင့် ဝယ်ယူခွင့်ပြုမည့် ကျောက်အတွဲတန်ဖိုးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကျောက်အတွဲ အမျိုးအစား | အနည်းဆုံးပေးသွင်းရမည့် အာမခံစပေါ်ငွေ(ယူရို) | ဝယ်ယူခွင့်ပြုမည့် ကျောက်အတွဲတန်ဖိုး (ယူရို) |
|---|---|---|---|
| (က) | ကျောက်မျက် | ၁၀၀၀၀ | ၂၀၀၀၀၀ |
| (ခ) | ကျောက်စိမ်း | ၂၀၀၀၀ | ၄၀၀၀၀၀ |

၃။ အာမခံစပေါ်ငွေကို ဝယ်ယူမည့် ကျောက်အတွဲအမျိုးအစားအလိုက် အောက်ပါနေ့ရက်များတွင် အပြီးပေးသွင်းရပါမည်-

| စဉ် | ကျောက်အတွဲ အမျိုးအစား | ရောင်းချမည့်စနစ် | အာမခံစပေါ်ငွေ ပေးသွင်းရမည့်နေ့ရက် |
|---|---|---|---|
| (က) | ကျောက်မျက် | အိတ်ဖွင့်တင်ဒါ | ၄. ၈. ၂၀၁၇ |
| (ခ) | ကျောက်စိမ်း | အိတ်ဖွင့်တင်ဒါ | ၅. ၈. ၂၀၁၇ |

၄။ ရတနာကုန်သည်အနေဖြင့် အနည်းဆုံးပေးသွင်းရန် သတ်မှတ်ထားသော အာမခံစပေါ်ငွေအပြင် ကြိုတင်ငွေ (Advance) အဖြစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏

အာမခံစပေါ်ငွေစာရင်းသို့ ကြိုတင်ပေးသွင်းနိုင်ပြီး ယင်းငွေများကို ပြပွဲကာလအတွင်း မိမိ၏ အာမခံစပေါ်ငွေစာရင်းသို့ဖြစ်စေ၊ အခြားရတနာကုန်သည်၏ အာမခံစပေါ်ငွေစာရင်းသို့ဖြစ်စေ ထပ်မံဖြည့်သွင်းလိုပါက အနည်းဆုံး(၁)ရက် ကြိုတင်တင်ပြဆောင်ရွက်နိုင်ပါသည်။

၄။ ရတနာကုန်သည်အနေဖြင့် အနည်းဆုံးပေးသွင်းရန် သတ်မှတ်ထားသော အာမခံစပေါ်ငွေအပြင် ကြိုတင်ငွေ(Advance)အဖြစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ အာမခံစပေါ်ငွေစာရင်းသို့ ကြိုတင်ပေးသွင်းနိုင်ပြီး ယင်းငွေများကို ပြပွဲကာလအတွင်း မိမိ၏ အာမခံစပေါ်ငွေစာရင်းသို့ဖြစ်စေ၊ အခြားရတနာကုန်သည်၏ အာမခံစပေါ်ငွေစာရင်းသို့ဖြစ်စေ ထပ်မံဖြည့်သွင်းလိုပါက အနည်းဆုံး(၁)ရက် ကြိုတင်တင်ပြ ဆောင်ရွက်နိုင်ပါသည်။

၅။ ရတနာကုန်သည်အနေဖြင့် ရတနာပြပွဲကာလအတွင်း ကျောက်အတွဲများ လုံးဝ ဝယ်ယူရရှိခြင်းမရှိဘဲ ပေးသွင်းထားသော အာမခံစပေါ်ငွေများကို အခြားဝယ်ယူမည့် ရတနာကုန်သည်၏ အာမခံစပေါ်ငွေစာရင်းသို့ စာရင်းလွှဲပြောင်းပေးလိုပါက အနည်းဆုံး(၁)ရက် ကြိုတင်တင်ပြ ဆောင်ရွက်နိုင်ပါသည်။

၆။ အာမခံစပေါ်ငွေကို ကြေးနန်းငွေလွှဲပို့စနစ်(Telegraphic Transfer) သို့မဟုတ် အပြည်ပြည်ဆိုင်ရာငွေလွှဲပို့စနစ် (SWIFT Message)ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် The Central Committee of Emporium(Deposit) အမည်ဖြင့် ဖွင့်လှစ်ထားသော အာမခံစပေါ်ငွေစာရင်းအမှတ် EEM 400034 သို့ပေးသွင်းရမည်။

၇။ ရတနာပြပွဲကာလအတွင်း အာမခံစပေါ်ငွေ ထပ်မံဖြည့်သွင်းခြင်းနှင့်စပ်လျဉ်း၍ ပြပွဲဗဟိုကော်မတီက ဆောင်ရွက်ပေးနိုင်သည်များကို ကြိုတင်အသိပေး ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ခွင့်ပြုချက်များအတိုင်း ဆောင်ရွက်ပေးပါမည်။

**ရတနာကုန်သည်များ ကျောက်အတွဲများဝယ်ယူခြင်း**

၈။ အာမခံစပေါ်ငွေလုံလောက်သည့် ကျောက်အတွဲဝယ်ယူခွင့်ရရှိသော ရတနာကုန်သည်၏ အမည်စာရင်း၊ ကျောက်အတွဲအမှတ်နှင့် တန်ဖိုးများကို အမှတ်စဉ် ငယ်စဉ်ကြီးလိုက်အတိုင်း KIOSK စက်များ၊ Display Board များတွင် အောင်စာရင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးပါမည်။



(ဃ) **နိုင်ငံသားရတနာကုန်သည်များက ဝယ်ယူမှုများအတွက် ယူရိုငွေနှင့် ညီမျှသော မြန်မာကျပ်ငွေကို လွှဲပြောင်းထည့်သွင်းပေးရာတွင် ကျောက်အတွဲ၏(၅)ရာခိုင်နှုန်းတန်ဖိုးငွေအား အာမခံစပေါ်ငွေ ပေးသွင်းခဲ့သည့် နှုန်းဖြင့်လည်းကောင်း၊ (၉၅)ရာခိုင်နှုန်းတန်ဖိုးငွေအား ငွေပေးချေသည့်နေ့၏ သတ်မှတ်ငွေလဲလှယ်နှုန်းဖြင့်လည်းကောင်း တွက်ချက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

(င) ကျောက်အတွဲများ ရောင်းချရငွေအပေါ် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအရလည်းကောင်း သတ်မှတ်ထားသည့် အခွန်၊အခများကို ပေးဆောင်ရမည်။

(စ) ကျောက်အတွဲများ ရောင်းချခြင်းနှင့်ပတ်သက်၍ သဘာပတိအဖွဲ့နှင့် ရတနာပြပွဲဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များကို လက်ခံလိုက်နာဆောင်ရွက်ရမည်။

(ဆ) ရတနာပြပွဲသို့ ပြင်ပမှ ကျောက်မျက်ရတနာများကို လုံးဝ(လုံးဝ) ယူဆောင်လာခြင်းခွင့်မပြုပါ။

**ကျောက်အတွဲ ဝယ်ယူသူများ**

၁၉။ နိုင်ငံသားကျောက်မျက်ရတနာကုန်သည်များကို အောက်ပါစည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်၍ ရတနာပြပွဲသို့တက်ရောက်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်အတွဲများ ဝယ်ယူခွင့်ပြုမည်-

(က) မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသူများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ရတနာအရောင်းဆိုင်ဖွင့်လှစ်၍ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသူများ၊ ကျောက်စိမ်းအချောထည် ရုပ်တုရုပ်ထွင်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းလိုင်စင် ရယူထားသူများ၊ ကျောက်မျက်အရိုင်း၊ အချောများရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းလိုင်စင်ရယူထားသူများ၊ ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်ရရှိ

(စ) ရောင်းချရရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများအတွက် အရောင်းအဝယ်စာချုပ် (Sale Agreement)တွင် မပျက်မကွက် လက်မှတ်ရေးထိုးကြရမည်။ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးခြင်းမပြုခဲ့ပါက အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပြီးသကဲ့သို့ သတ်မှတ်မည်။ အရောင်းအဝယ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဆ) ပြပွဲတွင် တင်ပြရောင်းချသည့် ကျောက်အတွဲများ၏ အမျိုးအစား၊ အရည်အသွေး၊ အလေးချိန်၊ အရေအတွက်တို့ကို တာဝန်ယူရမည်။

(ဇ) ရောင်းချရသော ကျောက်အတွဲများကို ငွေပေးချေရန် သတ်မှတ်ကာလ **ရက်ပေါင်း(၆၀)**အတွင်း ပြန်လည်ထုတ်ယူခွင့်မပြုပါ။

(ဈ) ရက်ပေါင်း(၆၀) ကျော်လွန်သော်လည်း ပြပွဲဗဟိုကော်မတီက ငွေပေးချေရန်ကာလ တိုးမြှင့်သတ်မှတ်ပေးပါက ယင်းကာလအတွင်း ရောင်းချရသော ကျောက်အတွဲအတွက် ဝယ်ယူသူက ငွေပေးချေခြင်းမပြုတော့ကြောင်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိက ပြန်လည်ထုတ်ယူခွင့်မပြုပါ။

(ည) ကျောက်အတွဲရောင်းရငွေမှ အခွန်၊ အခများနုတ်ယူပြီး ကျန်ငွေကို တင်ပြရောင်းချသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် လိုင်စင်ရရှိသူ၏ Bank Account တစ်ခုတည်းသို့သာ လွှဲပြောင်းထည့်သွင်းပေးမည် ဖြစ်ပါသည်။

(ဋ) **ကျောက်အတွဲ ရောင်းချရငွေများကို တင်ပြရောင်းချသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် လိုင်စင်ရရှိသူ၏ ငွေစာရင်းသို့ လွှဲပြောင်း ထည့်သွင်းပေးရာတွင် ပြည်ပရတနာကုန်သည်များက ဝယ်ယူမှုများအတွက် နိုင်ငံခြားငွေစာရင်းသို့ လည်းကောင်း၊ နိုင်ငံသားရတနာကုန်သည်များက ဝယ်ယူမှုများအတွက် ယူရိုငွေနှင့်ညီမျှသောမြန်မာကျပ်ငွေကို ပေးသွင်းထားသည့် ဘဏ်ငွေလဲနှုန်းထားဖြင့် မြန်မာကျပ်ငွေစာရင်းသို့ လည်းကောင်း လွှဲပြောင်းထည့်သွင်းပေးပါမည်။**



၉။ ကျောက်အတွဲများဝယ်ယူရန် ပေးသွင်းထားသည့် အာမခံစပေါ်ငွေအပေါ် ခွင့်ပြုတန်ဖိုးထက် ကျော်လွန်ဝယ်ယူသည့် ကျောက်အတွဲအား ဝယ်ယူခွင့်ပယ်ဖျက်သွားပါမည်။ ၎င်းအတွဲ၏နောက်တွင် ဆက်လက်ရောင်းချမည့် ကျောက်အတွဲများအတွက် အာမခံစပေါ်ငွေ လုံလောက်မှုရှိပါက ဆက်လက်ဝယ်ယူခွင့်ပြုပါမည်။

၁၀။ ကျောက်အတွဲများဝယ်ယူရာတွင် ဈေးနှုန်းအများဆုံးပေးသွင်းသူက အာမခံစပေါ်ငွေ လုံလောက်မှုမရှိပါက ဝယ်ယူခွင့်ပယ်ဖျက်ပြီး အာမခံစပေါ်ငွေ လုံလောက်စွာ ပေးသွင်းထားသူများအနက်မှ ဈေးနှုန်းအများဆုံးပေးသွင်းသူကို စိစစ်ဝယ်ယူခွင့်ပြုပါမည်။

၁၁။ ရတနာပြပွဲကာလအတွင်း ဝယ်ယူသူရတနာကုန်သည်၏ တင်ပြချက်အရ သဘာပတိအဖွဲ့က စိစစ်ပယ်ဖျက်ခွင့်ပြုသည့် ကျောက်အတွဲကို ကျောက်အတွဲပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ဒုတိယဈေးနှုန်းအများဆုံး ပေးသွင်းသူက ဝယ်ယူလိုလျှင် ဝယ်ယူခွင့်ပြုမည်။

၁၂။ ကျောက်အတွဲပိုင်ရှင်က သဘောမတူလျှင်ဖြစ်စေ၊ ဒုတိယဈေးနှုန်းအများဆုံး ပေးသွင်းသူက ဝယ်ယူလိုခြင်း မရှိလျှင်ဖြစ်စေ၊ ဒုတိယဈေးနှုန်းအများဆုံး ပေးသွင်းသူက ဝယ်ယူလိုသော်လည်း အာမခံစပေါ်ငွေ လုံလောက်မှု မရှိလျှင်ဖြစ်စေ ရောင်းချရသည့် ကျောက်အတွဲစာရင်းမှ ပယ်ဖျက်မည်။

၁၃။ ကျောက်စိမ်းအတွဲများ ရောင်းချရာတွင် အဆိုပြုဈေးနှုန်းတူညီနေသောအတွဲ (Tied lot) များ၊ ဈေးနှုန်းတင်သွင်းလွှာတွင် ရေးသားဖော်ပြသည့် အတွဲအမှတ်နှင့် အဆိုပြုဈေးနှုန်း ရှင်းလင်းပီသမှုမရှိသော အတွဲများ၊ အကြောင်းအမျိုးမျိုးကြောင့် ညှိနှိုင်းဖြေရှင်းရမည့် ကျောက်အတွဲများစာရင်းကို KIOSK စက်များတွင်လည်းကောင်း၊ Display Board များဖြင့်လည်းကောင်း၊ သဘာပတိအဖွဲ့က အသိပေးကြေညာခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးပါမည်။

၁၄။ ဝယ်ယူသူသည် မိမိဝယ်ယူခွင့်ရရှိသော ကျောက်အတွဲများအား အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ပေးရန် (Cancellation) တင်ပြခြင်း၊ စောဒကတက်ခြင်း (Complaint) နှင့် ဈေးနှုန်းပေးသွင်းလွှာ ပြန်လည်ကြည့်ရှုခွင့်ပြုရန် တင်ပြခြင်းများကို အဆိုပါအတွဲများ ဝယ်ယူခွင့်ရရှိကြောင်း ကြေညာသည့်နေ့(၁၃း၀၀)နာရီ နောက်ဆုံးထား၍ ဝယ်ယူသူကိုယ်တိုင် စီမံရေးရာလုပ်ငန်းကော်မတီမှတစ်ဆင့် သဘာပတိအဖွဲ့ထံ တင်ပြဆောင်ရွက်နိုင်ပါသည်။

၁၅။ သဘာပတိအဖွဲ့သို့ တင်ပြမှုများအတွက် (၁၅း၀၀)နာရီအချိန်ထိ လာရောက်ဖြေရှင်းခြင်း မရှိပါက သဘာပတိအဖွဲ့သည် မည်သည့်ရောင်းသူ/ဝယ်ယူသူကိုမျှ ထပ်မံဆက်သွယ်ခြင်း၊ စောင့်ဆိုင်းခြင်းမပြုဘဲ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်၍ အောင်စာရင်း ထုတ်ပြန်ကြေညာ ရောင်းချနိုင်ရေး ဆောင်ရွက်သွားပါမည်။

၁၆။ အဆိုပြုဈေးနှုန်းတူညီနေသောအတွဲ(Tied lot)များ၊ အတွဲအမှတ်နှင့် အဆိုပြုဈေးနှုန်း ရှင်းလင်းပီသမှုမရှိသော အတွဲများနှင့်ပတ်သက်၍ သဘာပတိအဖွဲ့က သတ်မှတ်စည်းကမ်းချက်များ နှင့်အညီ သတ်မှတ်ချိန်အတွင်း ဖြေရှင်းဆောင်ရွက်ပေးပါမည်။ သဘာပတိအဖွဲ့၏ ဖြေရှင်းဆောင်ရွက်မှုအပေါ် စောဒက(Complaint)တင်ပြလိုပါက အဆိုပါကျောက်အတွဲများ ရှင်းလင်းကြေညာသည့်အချိန်မှ (၃)နာရီအတွင်း သဘာပတိအဖွဲ့ထံ တင်ပြဆောင်ရွက်နိုင်ပါသည်။

၁၇။ ကျောက်မျက်အတွဲများ ရောင်းချရာတွင်လည်း ညှိနှိုင်းဖြေရှင်းရန်လိုအပ်သည့် ကျောက်အတွဲများကို ရောင်းချချိန်အတွင်း၌ပင် အသိပေးကြေညာသွားမည်ဖြစ်ပြီး သဘာပတိအဖွဲ့ထံ မပျက်မကွက် သွားရောက်ဖြေရှင်းဆောင်ရွက်ရပါမည်။

၁၈။ ကျောက်အတွဲအမှတ်နှင့် တန်ဖိုးငွေများ မှားယွင်းရေးသားမိကြောင်း ရတနာကုန်သည် ကိုယ်တိုင် သတ်မှတ်နေ့ရက်၊ သတ်မှတ်ချိန်အတွင်း စောဒကတင်ပြလာမှုအပေါ် သဘာပတိအဖွဲ့က သတ်မှတ်ချက်များ နှင့်အညီစိစစ်၍ ဒဏ်ကြေးငွေ ပေးဆောင်စေခြင်းမပြုဘဲ ပယ်ဖျက်ပေးခြင်း သို့မဟုတ် ပယ်ဖျက်ခွင့်တင်ပြခြင်းအား ငြင်းပယ်ခြင်း သို့မဟုတ် သတ်မှတ်ဒဏ်ကြေးပေးဆောင်စေ၍ ပယ်ဖျက်ပေးခြင်း ဆောင်ရွက်ပေးမည်။

၁၉။ ဒဏ်ကြေးပေးဆောင်၍ ကျောက်အတွဲဝယ်ယူခွင့် ပယ်ဖျက်ခွင့်ပြုရာတွင် အောက်ပါ သတ်မှတ် ဒဏ်ကြေးငွေတစ်မျိုးကို ပေးဆောင်ရမည်ဖြစ်ပါသည်-

(က) မှားယွင်းရေးသားမိသော ကျောက်အတွဲတန်ဖိုး၏ ၂၀ ရာခိုင်နှုန်း၊

(ခ) ယူရိုငွေ(၃၀၀၀၀)ထက်မပိုသော ဒဏ်ကြေးငွေ။

**ရတနာကုန်သည်များ အာမခံစပေါ်ငွေပြန်လည်ထုတ်ယူခြင်း၊လွှဲပြောင်းသုံးစွဲခြင်း**

၂၀။ ပေးသွင်းထားသော အာမခံစပေါ်ငွေကို အောက်ပါအတိုင်း ပြန်လည်ထုတ်ယူခြင်း၊ လွှဲပြောင်းသုံးစွဲခြင်း ဆောင်ရွက်ခွင့်ပြုပါမည်-



လုပ်ကိုင်သည့် အကျိုးတူကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အသင်းများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ရတနာအရောင်းဆိုင်ဖွင့်လှစ်၍ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်း လုပ်ငန်းလိုင်စင် ရရှိသူများ၊ ကျောက်စိမ်းအချောထည် ရုပ်တုရုပ်ထွင်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းလိုင်စင်ရယူထားသူများ၊ ကျောက်မျက်အရိုင်း၊ အချောများ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းလိုင်စင် ရယူထားသူများကို တင်ပြရောင်းချခွင့် ပြုပါမည်။

(ခ) ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို တင်ပြရောင်းချမည့် နိုင်ငံသား ရတနာကုန်သည်များသည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) တွင် ဖြစ်စေ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) တွင် ဖြစ်စေ၊ မြန်မာ့စီးပွားရေးဘဏ်(MEB)တွင်ဖြစ်စေ **နိုင်ငံခြားငွေဘဏ်စာရင်းနှင့် မြန်မာကျပ်ငွေစာရင်း**ကို ဖွင့်လှစ်ထားရှိရမည်။

(ဂ) ပြပွဲတက်ရောက်ရန် ဝင်ကြေးငွေများကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ဖွင့်လှစ်ထားရှိသည့် ဘဏ်စာရင်းအမှတ်သို့ ကြိုတင်ပေးသွင်းရမည်။

(ဃ) ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်သာ ရောင်းချခွင့်ပြုမည်ဖြစ်ပြီး ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(င) ကျောက်အတွဲများ ရောင်းချရာတွင် ဝယ်ယူသူရတနာကုန်သည်က အာမခံစပေါ်ငွေ လုံလောက်မှုမရှိပါက အာမခံစပေါ်ငွေလုံလောက်စွာ ပေးသွင်းထားသူများအနက်မှ ဈေးနှုန်းအများဆုံး ပေးသွင်းသူကို ရောင်းချမည်ဖြစ်ရာ ကျောက်အတွဲများကို အမှန်တကယ်ရောင်းချနိုင်မည့် အမြင့်ဆုံးဈေးနှုန်းအား အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်တင်ပြရမည်။

အာမခံစပေါ်ငွေများ ပြန်လည်ထုတ်ယူခြင်းကို အာမခံစပေါ်ငွေ ပေးသွင်းခဲ့သည့်နှုန်းထားအတိုင်း ဆောင်ရွက်ခွင့်ပြုမည်။

၅၆။ အာမခံစပေါ်ငွေများ ပြန်လည်ထုတ်ယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုမည်-

(က) ရတနာကုန်သည်တင်ပြသည့် ဘဏ်စာရင်းသို့ စာရင်းလွှဲပြောင်းပေးခြင်း၊

(ခ) ငွေသားဖြင့် ပြန်လည်ထုတ်ယူရန် ဆောင်ရွက်ပေးခြင်း၊

**ပြည်တွင်းရတနာကုန်သည်များ ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်**

၅၇။ ဝယ်ယူခွင့်ရရှိခဲ့သော ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများအတွက် ငွေပေးချေရာတွင် အောက်ပါ စည်းကမ်းသတ်မှတ်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်-

(က) ဝယ်ယူသူသည် တန်ဖိုးငွေပေးချေမည့် ကျောက်အတွဲအမှတ်များအတွက် (၉၅) ရာခိုင်နှုန်းတန်ဖိုးငွေကို နေ့စဉ်သတ်မှတ်ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားသည့် ယူရိုငွေနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ဖွင့်လှစ်ထားသည့် ပြပွဲဗဟိုကော်မတီ၏ ငွေစာရင်းသို့ ပေးသွင်းရန်ဖြစ်သည်။

(ခ) တန်ဖိုးငွေပေးသွင်းရာတွင် ငွေသားဖြင့်ဖြစ်စေ၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် ရတနာကုန်သည်၏ဘဏ်စာရင်းမှ စာရင်းလွှဲပြောင်းပေးခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုမည်။

**နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များ**

**ကျောက်အတွဲတင်ပြရောင်းချသူများ**

၅၈။ နိုင်ငံသားကျောက်မျက်ရတနာကုန်သည်များကို အောက်ပါစည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်၍ ရတနာပြပွဲတွင် ကျောက်အတွဲများ တင်ပြရောင်းချခွင့်ပြုပါမည်-

(က) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူ



(က) ဝယ်ယူခဲ့သော ကျောက်အတွဲများ၏တန်ဖိုးသည် အာမခံစပေါ်ငွေထက် နည်းပါက ခုနှိမ်ပေးချေခွင့်ပြုပါမည်။

(ခ) အာမခံစပေါ်ငွေသည် ဝယ်ယူခဲ့သော ကျောက်အတွဲများတန်ဖိုး၏ (၅)ရာခိုင်နှုန်းထက် ပိုမိုပါက အောက်ပါအတိုင်း ခုနှိမ်ပေးချေခွင့်ပြုမည်-

(၁) ရတနာကုန်သည် ဝယ်ယူခဲ့သော ကျောက်အတွဲများမှ နှစ်သက်ရာ ကျောက်အတွဲအတွက် တန်ဖိုးငွေပေးချေခြင်း။

(၂) အခြားကုန်သည်များဝယ်ယူခဲ့သော ကျောက်အတွဲများအတွက် တန်ဖိုးငွေပေးချေခြင်း။

(ဂ) ကျောက်အတွဲများ ဝယ်ယူရရှိခြင်းမရှိပါက ပေးသွင်းထားသည့် အာမခံစပေါ်ငွေကို အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုမည်-

(၁) ရတနာကုန်သည်တင်ပြသည့် ဘဏ်စာရင်းသို့ စာရင်းလွှဲပြောင်းပေးခြင်း။

(၂) ဝယ်ယူခွင့်ရရှိသည့် အခြားရတနာကုန်သည်သို့ လွှဲပြောင်းပေးခြင်း။

၂၁။ ပြည်ပသို့ ဘဏ်စာရင်းပြန်လည်လွှဲပြောင်းပေးရာတွင် ပြပွဲဗဟိုကော်မတီက အာမခံစပေါ်ငွေစာရင်း ဖွင့်လှစ်ထားသည့် ဘဏ်များနှင့်ချိတ်ဆက်ထားသည့် ပြည်ပရှိဘဏ်များမှတစ်ဆင့် ကြေးနန်းငွေလွှဲပို့စနစ်(Telegraphic Transfer)ဖြင့် ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း စည်းကမ်းသတ်မှတ်ချက်များ**

၂၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အတိုင်း ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချမည့်ရက်မတိုင်မီ ညနေခင်းအထိ စစ်ဆေးကြည့်ရှုခွင့်ပြုပါမည်။

၂၃။ ဝယ်ယူသူအနေဖြင့် မိမိဝယ်ယူမည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ၏ အရွယ်အစား၊ အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်တို့ကို သေချာစွာကြည့်ရှုစစ်ဆေးပြီး ကျေနပ်မှသာ ဝယ်ယူရန်ဖြစ်ပါသည်။

၂၄။ ကျောက်အတွဲများဝယ်ယူမည့် ရတနာကုန်သည်များသည် ဈေးနှုန်းတင်သွင်းလွှာ (Bidding Form)များကို သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူကြရမည်။ ဈေးနှုန်းတင်သွင်းလွှာများကို အမှတ်စဉ်များသတ်မှတ်ပြီး အခြားကုန်သည် များသို့ လွှဲပြောင်းသုံးစွဲခြင်းမပြုရန် ရတနာကုန်သည် တစ်ဦးချင်းက ဝယ်ယူသော ဈေးနှုန်းတင်သွင်းလွှာ အရေအတွက်၊ အမှတ်စဉ်များကို မှတ်ပုံတင် ထားရှိမည်ဖြစ်ပါသည်။ လွှဲပြောင်းသုံးစွဲခြင်း၊ ပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ ဈေးနှုန်းတင်သွင်းလွှာ ဝယ်ယူသည့် ကုန်သည်က တာဝန်ယူဖြေရှင်းပေးရမည်။

၂၅။ ရတနာကုန်သည်များအနေဖြင့် ဝယ်ယူလိုသော ကျောက်အတွဲများကို ဈေးနှုန်းတင်သွင်းလွှာတွင် တစ်တွဲချင်း ဖြည့်စွက်ရေးသားအဆိုပြုပြီး သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ သတ်မှတ်ချိန်အတွင်း ထည့်သွင်းရပါမည်။ သတ်မှတ်အချိန်ထက် နောက်ကျသော တင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းခွင့်မပြု(မပြု)ပါ။

၂၆။ ဈေးနှုန်းတင်သွင်းလွှာ(Bidding Form)များ တင်သွင်းရာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖြင့် ရှင်းလင်းပီသစွာ ရေးသားဖော်ပြရမည်-

(က) ဝယ်ယူသည့် အတွဲအမှတ်

(ခ) ဝယ်ယူသည့် တန်ဖိုး

(ဂ) ဝယ်ယူသူလက်မှတ်

(ဃ) ဝယ်ယူသူအမည်နှင့် ကုမ္ပဏီ

(င) ကုန်သည်မှတ်ပုံတင်အမှတ်(Bidder's Regd.No)

၂၇။ ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးအတွင်းသို့ မထည့်သွင်းမီ ရေးသားရမည့် အချက်အလက်များ ပြည့်စုံမှန်ကန်ခြင်းရှိ/မရှိ စေ့စပ်သေချာစွာ စစ်ဆေးပြီးမှသာ သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း အချိန်မီထည့်သွင်းရပါမည်။

၂၈။ ကျောက်အတွဲ၏ အခြေခံဈေး (Reserve Price)ထက် လျော့နည်းတင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ပယ်ဖျက်ခြင်းခံရမည်ဖြစ်ပါသည်။



ဖော်ပြ၍ ပေးသွင်းထားသောငွေများကို သိမ်းယူပြီး ရတနာပြပွဲတက်ရောက်ခွင့် (၃)ကြိမ်ပိတ်ပင်မည်။

၅၀။ အာမခံစပေါ်ငွေဖြင့် ကျောက်အတွဲတန်ဖိုးငွေများ ပေးချေရာတွင် ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် အာမခံစပေါ်ငွေသုံးစွဲခြင်းနှင့် ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပေးချေခွင့်ပြုမည်။

## ပြည်တွင်းရတနာကုန်သည်များ အာမခံစပေါ်ငွေ ပေးသွင်းခြင်း

၅၁။ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အာမခံစပေါ်ငွေကို နေ့စဉ်သတ်မှတ်ငွေလဲနှုန်းဖြင့် တွက်ချက်ထားသည့် ယူရိုငွေနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားသည့် ပြပွဲဗဟိုကော်မတီ၏ အာမခံစပေါ်ငွေစာရင်းသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၅၂။ အာမခံစပေါ်ငွေ ပေးသွင်းရာတွင် ငွေသားဖြင့်ဖြစ်စေ၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် ရတနာကုန်သည်၏ ဘဏ်စာရင်းမှ စာရင်းလွှဲပြောင်းပေးခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုမည်။

## ပြည်တွင်းရတနာကုန်သည်များ ကျောက်အတွဲများ ဝယ်ယူခြင်း

၅၃။ ဒဏ်ကြေးပေးဆောင်၍ ကျောက်အတွဲဝယ်ယူခွင့် ပယ်ဖျက်ခွင့်ပြုရာတွင် သတ်မှတ်ဒဏ်ကြေးငွေကို နေ့စဉ်သတ်မှတ်ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားသည့် ယူရိုငွေနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။

## ပြည်တွင်းရတနာကုန်သည်များ အာမခံစပေါ်ငွေ ပြန်လည်ထုတ်ယူခြင်း

၅၄။ ပေးသွင်းထားသော အာမခံစပေါ်ငွေမှ ဝယ်ယူခွင့်ရရှိသည့် ကျောက်အတွဲများအတွက် (၅)ရာခိုင်နှုန်းတန်ဖိုး ငွေပေးသွင်းပြီး၍ ကျန်ရှိသောငွေများကို ရတနာပြပွဲပြီးဆုံးပြီးနောက် ကျောက်တန်ဖိုးငွေပေးချေခြင်းမပြုမီ အပြီးအပြတ် ပြန်လည်ထုတ်ယူရမည်။

၅၅။ ဝယ်ယူခွင့်ရရှိသည့် ကျောက်အတွဲအတွက် (၅)ရာခိုင်နှုန်းတန်ဖိုးငွေ ပေးသွင်းခြင်း၊ အာမခံစပေါ်ငွေ (၅)ရာခိုင်နှုန်းပေးသွင်းပြီးကျန်ငွေနှင့် ဝယ်ယူခွင့်မရရှိသည့် ရတနာကုန်သည်များ၏

(က) ဝယ်ယူခဲ့သော ကျောက်အတွဲများအတွက် ကျသင့်တန်ဖိုးငွေများကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် The Central Committee of Emporium အမည်ဖြင့် ဖွင့်လှစ်ထားရှိသည့် ဘဏ်စာရင်းအမှတ် EEM400033 သို့ ပေးချေရမည်။ ငွေပေးချေရာတွင် ကြေးနန်းငွေလွှဲပို့စနစ် (Telegraphic Transfer) သို့မဟုတ် အပြည်ပြည်ဆိုင်ရာငွေလွှဲပို့စနစ် (Swift Message)ဖြင့် ပေးချေရမည်။ ငွေပေးချေရာတွင် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)နှင့် ချိတ်ဆက်ထားသည့် ပြည်ပရှိဘဏ်များမှ ဆောင်ရွက်ရန်ဖြစ်သည်။

(ခ) ပေးသွင်းထားသော အာမခံစပေါ်ငွေစာရင်းမှ စာရင်းလွှဲပြောင်းပေးခြင်းကို ဆောင်ရွက်ပေးမည်။

(ဂ) ကျောက်အတွဲတန်ဖိုးကို ငွေသားဖြင့်ပေးချေခြင်း၊ ငွေလွှဲစာတမ်းဖွင့်လှစ်၍ ပေးချေခြင်း၊ ခရီးသွားချက်လက်မှတ်၊ ပုဂ္ဂလိကချက်လက်မှတ်၊ ဘဏ်ငွေလွှဲလက်မှတ်နှင့် အကြွေးကတ်ဖြင့် ပေးချေခြင်းများကို လက်မခံပါ။

(ဃ) ရတနာကုန်သည်များအနေဖြင့် ကျောက်အတွဲများဝယ်ယူရာတွင် တန်ဖိုး၏ (၅) ရာခိုင်နှုန်း အာမခံစပေါ်ငွေကို ပေးသွင်းပြီးဖြစ်၍ ကျန်(၉၅)ရာခိုင်နှုန်း တန်ဖိုးငွေကို ရက်ပေါင်း(၆၀)အတွင်း ပေးချေရမည်။

(င) ဝယ်ယူခဲ့သော ကျောက်အတွဲများအတွက် ငွေအပြည့်အဝရရှိပြီးပါက EXW (Ex Works) စနစ်ဖြင့် တင်ပို့ပေးမည်။

(စ) ဝယ်ယူခဲ့သော ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို ပြည်တွင်းရတနာကုန်သည်များအား လွှဲပြောင်းပေးခြင်းကို လက်ခံမည်မဟုတ်ပါ။

(ဆ) တန်ဖိုးငွေပေးချေရန် လွှဲပို့ထားငွေများမှ တန်ဖိုးငွေပေးချေပြီး၍ ကျန်ရှိသောငွေများကို ရတနာကုန်သည်တင်ပြသည့် ပြည်ပရှိဘဏ်စာရင်းသို့ စာရင်းလွှဲပြောင်းပေးခြင်း၊ နောင်ကျင်းပမည့် ရတနာပြပွဲအတွက် ကြိုတင်ငွေအဖြစ် ထားရှိခြင်းများကို ဆောင်ရွက်ခွင့်ပြုမည်။

(ဇ) သတ်မှတ်ကာလအတွင်း ပေးချေခြင်းမရှိပါက ကျောက်အတွဲအတွက် ပေးသွင်းထားသော အာမခံစပေါ်ငွေ (၅)ရာခိုင်နှုန်းတန်ဖိုးငွေနှင့် ကျောက်အတွဲအမှတ်



၂၉။ တင်ဒါပုံးများယွင်းထည့်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ (Bidding Form)များကို ပယ်ဖျက်မည်ဖြစ်ပါသည်။

၃၀။ ဝယ်ယူသူအနေဖြင့် မိမိဝယ်ယူသည့်အတွဲအမှတ်ကို ကိန်းဂဏန်းဖြင့် ရှင်းလင်းပီသစွာ (၁)ကြိမ်သာ ရေးသားဖော်ပြရပါမည်။

၃၁။ ကျောက်အတွဲများကို ယူရိုငွေ(Euro)ဖြင့်သာ ရောင်းချခြင်းဖြစ်ပါသည်။ ဝယ်ယူသည့်ကျောက်အတွဲ၏တန်ဖိုးကို ယူရိုငွေ(Euro)ဖြင့်သာ ဖော်ပြရမည်ဖြစ်ပြီး တန်ဖိုးငွေ(ယူရိုငွေ)ကို ကိန်းဂဏန်းဖြင့်(၁)ကြိမ်၊ စာသားဖြင့်(၁)ကြိမ် ရှင်းလင်းပီသစွာ ရေးသားဖော်ပြရမည်။

၃၂။ တန်ဖိုးငွေကို ကိန်းဂဏန်း၊ စာသားတို့ဖြင့် (၂)ကြိမ်ရေးသားရာတွင် တူညီမှုမရှိပါက များရာ တန်ဖိုးကိုသာ ဝယ်ယူသည့်တန်ဖိုးအဖြစ် သတ်မှတ်ပါမည်။ (၂)ကြိမ်ရေးသားရမည့်အစား (၁)ကြိမ်သာရေးသားပါက ရေးသားသည့် တန်ဖိုးကိုသာ ဝယ်ယူသည့်တန်ဖိုးအဖြစ် သတ်မှတ်ပါမည်။

၃၃။ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို သက်ဆိုင်ရာ တင်ဒါပုံးများ ပိတ်သိမ်းမည့်အချိန်မတိုင်မီအထိ ကြည့်ရှုစစ်ဆေးခွင့်ပြုထားပါသည်။ နေ့စဉ်တင်ဒါပုံးများ ပိတ်သိမ်းမည့်အချိန်နှင့် ရောင်းချမည့် ကျောက်အတွဲများ၏ စာရင်းများကို အချိန်မီကြေညာပေးထားမည်ဖြစ်သည်။ တင်ဒါပုံးများဖွင့်ဖောက်ရန် ပိတ်သိမ်းပြီးမှ ဈေးနှုန်းတင်သွင်းလွှာထည့်သွင်းခြင်းကို ခွင့်မပြု(မပြု)ပါ။

၃၄။ ကျောက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူရာတွင် အာမခံစပေါ်ငွေ ပေးသွင်းခြင်း၊ ကျောက်အတွဲများ ဝယ်ယူခြင်းနှင့်ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃၅။ ဈေးနှုန်းတင်သွင်းရာတွင် အဆိုပြုဈေးနှုန်းများ တူညီတိုက်ဆိုင်နေခြင်းအတွက် သက်ဆိုင်ရာ ဈေးနှုန်းတင်သွင်းသူများကို ထပ်မံဈေးပြိုင်အဆိုပြုတင်သွင်းစေပြီး စည်းကမ်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် ရတနာကုန်သည်အား ရောင်းချပေးပါမည်။

၃၆။ ကျောက်အတွဲအတွက် ဈေးနှုန်းအများဆုံးပေးသွင်းသူက အာမခံစပေါ်ငွေ လုံလောက်မှုမရှိပါက အာမခံစပေါ်ငွေ လုံလောက်စွာ ပေးသွင်းထားသူများအနက်မှ ဈေးနှုန်းအများဆုံးပေးသွင်းသူကို စိစစ်၍ရောင်းချပေးပါမည်။

၃၇။ ရတနာပြပွဲကာလအတွင်း ဝယ်ယူသူရတနာကုန်သည်၏ တင်ပြချက်အရ သဘာပတိအဖွဲ့က စိစစ် ပယ်ဖျက်ခွင့်ပြုသည့် ကျောက်အတွဲကို ကျောက်အတွဲပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ဒုတိယဈေးနှုန်းအများ ဆုံးပေးသွင်းသူက ဝယ်ယူလိုလျှင် ဝယ်ယူခွင့်ပြုမည်။

၃၈။ ကျောက်အတွဲပိုင်ရှင်က သဘောမတူလျှင်ဖြစ်စေ၊ ဒုတိယဈေးနှုန်းအများဆုံး ပေးသွင်းသူက ဝယ်ယူလိုခြင်းမရှိလျှင်ဖြစ်စေ၊ ဒုတိယဈေးနှုန်း အများဆုံးပေးသွင်းသူက ဝယ်ယူလိုသော်လည်း အာမခံစပေါ်ငွေ လုံလောက်မှုမရှိလျှင်ဖြစ်စေ ရောင်းချရသည့် ကျောက်အတွဲစာရင်းမှ ပယ်ဖျက်မည်။

၃၉။ အကယ်၍ ကျောက်အတွဲဝယ်ယူခွင့်ရရှိသူကို မှားယွင်းကြေညာမိပါက ပြန်လည်စိစစ်ပြီး ဝယ်ယူခွင့်ရရှိသူ အမှန်၏အမည်ကို ရောင်းချချိန်အတွင်း ပြန်လည်ကြေညာပေးပါမည်။ မှားယွင်းကြေညာခြင်းခံရသူ၏ ကန့်ကွက်တင်ပြချက်ကို လက်ခံမည်မဟုတ်ပါ။

၄၀။ ဝယ်ယူခွင့်ရရှိသည့် ကျောက်အတွဲများအတွက် အရည်အသွေး၊ အရေအတွက်၊ အလေးချိန်တို့နှင့်စပ်လျဉ်း၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက ရောင်းသူနှင့် ဝယ်ယူသူ(၂)ဦးတွင်သာ တာဝန်ရှိမည်ဖြစ်ပြီး သက်ဆိုင်ရာ ကျောက်စိမ်း၊ ကျောက်မျက်၊ စီမံရေးရာလုပ်ငန်းကော်မတီတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

၄၁။ ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းခြင်းမရှိသော ကျောက်အတွဲများကို မရောင်းချရသည့် ကျောက်အတွဲစာရင်း (Drop Lot)အဖြစ် သတ်မှတ်ပါမည်။ မရောင်းချရသည့် ကျောက်အတွဲများ (Drop Lots)ကို အခြေခံဈေးဖြင့်ဖြစ်စေ၊ အခြေခံဈေးထက် နည်း၍ဖြစ်စေ၊ များ၍ဖြစ်စေ ရောင်းချပေးမည်မဟုတ်ပါ။

၄၂။ ရတနာကုန်သည်များအနေဖြင့် ကျောက်အတွဲဝယ်ယူရန် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများအား အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ခွင့် (Cancellation)တင်ပြခြင်းကို သက်ဆိုင်ရာ ကျောက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စိစစ်ခြင်းမပြုမီ (၁၇း၀၀)နာရီအထိ စီမံရေးရာလုပ်ငန်းကော်မတီသို့ တင်ပြနိုင်သည်။

၄၃။ ဝယ်ယူသူသည် မိမိဝယ်ယူခွင့်ရရှိသော ကျောက်အတွဲများအား အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ပေးရန် (Cancellation) တင်ပြခြင်း၊ စောဒကတက်ခြင်း (Complaint) နှင့် ဈေးနှုန်းတင်သွင်းလွှာ ပြန်လည်ကြည့်ရှုခွင့်ပြုရန် တင်ပြခြင်းများကို အဆိုပါအတွဲများ ဝယ်ယူခွင့်ရရှိကြောင်း ကြေညာသည့်နေ့(၁၃း၀၀)နာရီနောက်ဆုံးထား၍ ဝယ်ယူသူကိုယ်တိုင် စီမံရေးရာ



လုပ်ငန်းကော်မတီမှတစ်ဆင့် သဘာပတိအဖွဲ့ထံ တင်ပြရမည်ဖြစ်ပြီး သဘာပတိအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမည်။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်ပြလာမှုများကို လက်ခံစဉ်းစား ဆောင်ရွက်ပေးမည်မဟုတ်ပါ။

၄၄။ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာတွင် တက်ရောက်ဝယ်ယူသူ ရတနာကုန်သည်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက တာဝန်ပေးအပ်ထားသူများ၏ ဆုံးဖြတ်ချက်များအပေါ် လက်ခံဆောင်ရွက်ခြင်းမပြုပါက ပြပွဲဗဟိုကော်မတီအနေဖြင့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်မည် ဖြစ်ပါသည်။

၄၅။ အခြားလိုအပ်သော သတင်းအချက်အလက်များကို ရတနာပြပွဲကျင်းပချိန်အတွင်း အသိပေးကြေညာသွားမည်ဖြစ်ပါသည်။ မရှင်းလင်းသည်များနှင့် သိလိုသည်များရှိပါက သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

## ရတနာကုန်သည်များ ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်များ

၄၆။ ၂၀၁၇ ခုနှစ်၊ (၅၄)ကြိမ်မြောက်ရတနာပြပွဲတွင် ဝယ်ယူရရှိခဲ့သည့် ကျောက်အတွဲများအတွက် တစ်တွဲချင်းအလိုက် အရောင်းအဝယ်စာချုပ် (Sale Agreement)တွင် မပျက်မကွက်လက်မှတ်ရေးထိုး၍ စာချုပ်ချုပ်ဆိုကြရမည်။

၄၇။ ဝယ်ယူခွင့်ရရှိသူသည် အကြောင်းအမျိုးမျိုးကြောင့် အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးခြင်း မပြုခဲ့ပါက ဝယ်ယူခွင့်ရရှိသူက အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပြီးသကဲ့သို့ သတ်မှတ်မည်။

၄၈။ ဝယ်ယူခွင့်ရရှိသူသည် မိမိတင်သွင်းခဲ့သော ဈေးနှုန်းတင်သွင်းလွှာ (Bidding Form)များအတွက် တာဝန်ယူရမည့်အပြင် ဝယ်ယူခွင့်ရရှိခဲ့သော အတွဲအတွက် သတ်မှတ်ကာလအတွင်း မပျက်မကွက်ငွေပေးချေရန် တာဝန်ယူရမည်။ ထို့ပြင် အရောင်းအဝယ်စာချုပ်ပါ ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၄၉။ ဝယ်ယူခွင့်ရရှိသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများအတွက် ငွေပေးချေရာတွင် အောက်ပါ စည်းကမ်းသတ်မှတ်ချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ရမည်-